# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမ ပုံမှန်အစည်းအဝေး

# (၅၄)ရက်မြောက်နေ့ အစီအစဉ်

# [ ၃၁–၈–၂၀၁၇ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမ ပုံမှန်အစည်းအဝေး (၅၄)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးအုန်းခင်၊ ပုလော မဲဆန္ဒနယ်၏ **ပြည်တွင်း၌ စိုက်ပျိုးရေး လုပ်ကိုင်နေကြသော တောင်သူလယ်သမားများအား ကမ္ဘာ့နိုင်ငံများ၌ အသုံးတွင်ကျယ်နေပြီး ဈေးကောင်းလည်းရသော အော်ဂဲနစ် စိုက်ပျိုးရေး နည်းပညာများ စနစ်တကျတိုးတက်အောင်မြင်လာရေး ကူညီဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဒေါ်ခင်စည်သူ၊ လှိုင်ကော် မဲဆန္ဒနယ်၏ **ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းစနစ်ဖြင့် နှစ်ပေါင်းများစွာ တောင်ယာစိုက်ပျိုးသူများကို ၎င်းတို့၏ ဆင်းရဲတွင်းမှ လွတ်မြောက်ရန်၊ သစ်တောပြုန်းတီးမှုမှ**

**ကာကွယ်ရန်၊ လယ်ယာမြေ ပဋိပက္ခဖြစ်ခြင်းမှ ကာကွယ်ရန်၊ ရွှေ့ပြောင်း တောင်ယာစိုက်ပျိုးခြင်းစနစ်အား အစားထိုးရန်အတွက် ခိုင်မာ ကျစ်လစ်သော မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ စီမံကိန်းများ လုပ်ဆောင်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဦးအေးမင်း၊ ခရမ်း မဲဆန္ဒနယ်၏ **ခရမ်းမြို့နယ်အတွင်းရှိ တစ်နိုင်တစ်ပိုင် ကြက်၊ ငါး မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် မည်သို့ကူညီပံ့ပိုးပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **မောက်မယ်မြို့နယ်၊ နားဆိုင်းကျေးရွာတွင် တည်ရှိသော နမ့်အွန်ရေတံလျှောက်ကို သံပေါင်ရက်မ ဆက်လက်တပ်ဆင်ပေးခြင်း၊ ကွန်ကရစ်တိုင် အောက်ခြေ မွမ်းမံခြင်း၊ နမ့်အွန်ရေတံလျှောက် ရေဝင်လမ်း၊ ရေထိန်း တံခါးနှင့် ရေလွှဲတံခါး တပ်ဆင်ပေးရန်၊ ရေဝင်လမ်းကြောင်းထိပ်မှ ရေထွက်ဦးအထိ ကျောက်စီနံရံထိန်း ချမှတ်ဆောင်ရွက်ပေးရန်၊ နမ့်အွန်ရေတံလျှောက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝန်ကြီးဌာနမှ တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကားပြောကြားခြင်း၊

၇။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး (၅၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ပြီးစီးကြောင်း ကြေညာခြင်း။